
မနောဖြူစာပေ

# မိန်းမသားတို့ရဲ့ အတွင်းစကားများ



နှင်းသီရိကျော်သရေ

# မိန်းမသားတို့ရဲ့ အတွင်းစကား

ကျွန်မတို့ မိန်းမသားတွေဟာ မိန်းမသားသဘာဝအောက်မှာ ပင်ကို စိတ်ထားနူးညံ့ခြင်းတွေ ပြည့်ဝစွာ ပါလာခဲ့ကြပါ။ စိတ်ထားနူးညံ့ကြသလို အတွေးတွေကလည်း နူးညံ့နေတတ်ကြပါတယ်။

ဒီလိုနူးညံ့ခြင်း စိတ်အခံတွေရှိခဲ့ကြလို့လည်း အရွယ်ရောက်လာတဲ့အခါမှာ ကြုံလာတတ်တဲ့ အချစ်စိတ် တွေ အပေါ်မှာလည်း ခံစားမှုတွေပိုလာခဲ့ကြပါတယ်။ မိန်းမသား သဘာဝစိတ်အခံ နူးညံ့ခြင်းတွေရှိနေပေမယ့်လည်းအမျိုးသမီးတစ်ဦးစီမှာပင်ကိုစိတ်လေးတွေကိုယ်စီရှိ

တချို့အမျိုးသမီးတွေက မိန်းမသားသဘာဝအတိုင်း ခံစားလွယ်၊ ဝမ်းနည်းလွယ်ကြပေမယ့်၊ တချို့ကျတော့ ယောကျ်ားသားများထက်အောင် စိတ်ဓါတ်ခိုင်မာနေတတ်ကြပါတယ်။ ဘယ်လိုပဲ ပင်ကိုစိတ်တွေ မတူညီကြပါစေ၊ တူညီတတစ်ခုကတော့၊ ကိုယ်ချစ် ရတဲ့ချစ်သူ၊ ကိုယ့်ရဲ့ အိမ်ထောင်နဲ့ ခင်ပွန်းဘက်က ဆက်စပ်ပြီး ပတ်သက်ရ မယ့် ယောက္ခမ၊ ဆွေမျိုးသားချင်းတွေရဲ့ ချစ်ခင်မှုကိုတော့ အမျိုးသမီးတိုင်း လိုလား တောင့်တစွာ ရလိုကြတဲ့ အရာတွေပဲ ဖြစ်ပါတယ်။

သွေးသားမတော်စပ်ကြတဲ့သူတွေ အချင်းချင်း အပြစ်မမြင်ဘဲ၊ အမြဲအချစ်တွေပဲ ဝင်နေဖို့ဆိုတာ တကယ် တော့ မလွယ်ပါဘူး။ လူတိုင်းက ကိုယ့်ကိုယ်ထက် အခြားသူကို ပိုမချစ်တတ်ကြပါဘူး။ တချို့ကတော့ အသက် ထက်တောင် တန်ဖိုးထားပြီး ကိုယ့်ကိုယ်ကိုထက် ပိုချစ်တတ်ပါတယ်လို့ ဆိုပေမယ့် အရာခပ်သိမ်း ကိုယ့်ကိုယ် လောက် သည်းမခံနိုင်ကြပါဘူး။

အတိုင်းအတာတစ်ခုအထိပဲ သည်းခံနိုင်ကြပေမယ့် အဲဒီ

ခံနိုင်ရည်အတိုင်းအတာထက်ပိုပြီး သည်းမခံနိုင်ကြ ပါဘူး။

သည်းခံခြင်းဆိုတာတခြားသူအတွက် ကောင်းနေသော်လည်း အမြဲသည်းခံနေရတဲ့ ကာယကံရှင်အဖို့တော့ခံစားချက်ကိုမဖြေနိုင်ဘဲသည်းခံမျိုသိပ်ထားရလို့အရမ်းစိတ်ပ

မျိုသိပ်ထားရတဲ့အစိုင်အခဲတွေကတဖြည်းဖြည်းကြီးထွားလာပြီးနောက်ခ အဆင့်ရောက်လာခဲ့ပြီဆိုရင်တော့ အချစ်ရေး (သို့) အိမ်ထောင်ရေး မှာ အက်ကြောင်းထင်ပြီး၊ သာယာမှုတွေ ပျောက်ဆုံးသွားရတတ်ပါတယ်။

သမီးရည်းစားအဆင့်မှာတော့ အများအားဖြင့် ချစ်သူယောကျ်ားလေးနဲ့သာ ပတ်သက်ရပြီး ချစ်သူရဲ့ အသိုင်းအဝိုင်းနဲ့ မပတ်သက်ရသေးပါဘူး။

ဒီတော့ သမီးရည်းစားဘဝမှာ သူတစ်ယောက်နဲ့ပဲ နားလည်မှုရှိရင် ရှေ့ဆက်လို့ရပြီ ဆိုရင်တော့ အဲဒီ အယူအဆ လွဲသွားပါပြီ။

သမီးရည်းစားဘဝမှာပဲ ဖြစ်ဖြစ်၊ အိမ်ထောင်ကျလို့ အိမ်ထောင်သည်ဘဝမှာပဲဖြစ်ဖြစ်၊ တစ်ယောက်နဲ့ တစ်ယောက် နားလည်မှုတွေနဲ့ ပြည့်စုံမှသာ ရှေ့ဆက်ရမည့် ခရီးလမ်းက ဖြောင့်ဖြူးသာယာမှာပါ။

အဓိကကတော့ အိမ်ထောင်သည်တွေအတွက်ပါ။ မိမိခင်ပွန်းက ဘယ်လိုအချက်တွေကို မနှစ်သက်ဘူးလဲ၊ ဘယ်လိုအရာကို နှစ်သက်သလဲဆိုတာကို မိန်းမသားတွေက မသိတဲ့အခါမှာ အိမ်ထောင်ကျလို့နှစ်အနည်းငယ်ကြာလာတဲ့ခါအိမ်ထောင်ဖက်ရဲ့ ငြီးငွေ့မှုကို ခံရတတ်ပါတ်တယ်။

ဒါကြောင့် ကျွန်မက ဘဝတူမိန်းမသားတွေကို ကျွန်မဖြတ်သန်းခဲ့တဲ့ ချစ်သူသက်တမ်း (၇)နှစ်၊ အိမ်ထောင်သက် (၁၀)နှစ်ကျော်အတွေ့အကြုံတွေနဲ့ လေ့လာထားမိသမျှတွေကို ဝေမျှချင်လို့ မိန်းမသားတို့ရဲ့ လျှို့ဝှက်ချက်တွေကို

ရေးသားဖြစ်ခြင်းဖြစ်ပါတယ်။ မိန်းမသားတို့ရဲ့ အတွင်းစကားတွေကို ရေးရာမှာ အကြောင်း တရားတွေကို အတတ်နိုင်ဆုံး စုံလင်ပြည့်စုံစွာ ရေးသားချင်တာမို့ ခေါင်းစဉ်လေးတွေခွဲပြီး ရေးသွားမှာပါ။

အခုပထမဆုံး ဖော်ပြချင်တဲ့ ခေါင်းစဉ်လေးကတော့ ညှို့ချက်ပါ။

*

# ညှို့ချက်

အိမ်ထောင်သည်ဘဝမှာ ဇနီးတစ်ယောက်တည်းကိုပဲ အရာခပ်သိမ်းစိတ်ရောက်ဖို့အတွက် ကျွန်မတို့ မိန်းမသားတွေဟာ ဘယ်အရာတွေကို လိုက်နာ လုပ်ဆောင်မယ်ဆိုရင် ခင်ပွန်းသည်အပေါ် ညှို့ယူဖမ်းစား နိုင်တယ်ဆိုတာသိရရမှာပါ။

ဒါဟာမာယာများတာမဟုတ်ပါဘူး။ ဇနီးသည်ဘဝကနေမိခင်ဘဝရောက်ပြီးမိသားစုဘဝကြီးကို သာယာ စိုပြည်ဖို့အတွက် ခင်ပွန်းသည်က မိမိတစ်ယောက်တည်းကိုပဲ တွယ်တာ၊ ချစ်ခင်နေဖို့အတွက်၊ မလုပ်မဖြစ် လုပ် ဆောင်ရမှာ ဖြစ်တဲ့အတွက် ရှက်တာ၊ စိုးရွံ့တာတွေကို ဘေးဖယ်ပြီး မိသားစုဘဝကို ဦးစားပေးပြီး လုပ်ဆောင် ရမှာပါ။

အခြေခံညှို့ယူဖမ်းစားနိုင်တဲ့ လုပ်ဆောင်ချက်တွေကို ဖော်ပြပေးလိုက်ပါတယ်။

* * *

## (၁) စကားပြော နူးညံ့ချိုသာခြင်း

အလုပ်တွေကြောင့်စိတ်ဖိစီးစရာအတွေးတွေနဲ့အမြဲကြုံတွေ့နေရတဲ့အိမ်ေ
အတွက် စကားပြောဆိုတဲ့အခါမှ နူးညံ့ချိုသာမှုတွေ အမြဲပါဝင်နေရမှာဖြစ်ပါတယ်။
စကားခပ်ဆတ်ဆတ် ပြောကျင့်ရှိခဲ့တယ်ဆိုရင်တော့ အဲဒီ အကျင့်ကို
အိမ်ထောင်သည်ဘဝထဲကို ယူလာခဲ့လို့မရတော့ပါဘူး။

ကိုယ့်ရဲ့ အသံလှိုင်းကနားဝင်ပီယံ အသံမျိုးအစားထဲပါ
မနေဘူးဆိုရင်တော့ ကိုယ့်ရဲ့ ပင်ကို ခပပ်ဆတ် ဆတ်အသံနဲ့ ပေါင်းလိုက်တဲ့အခါမှာ
အလုပ်တွေကြောင့် စိတ်ဖိစီးမှုများနေတဲ့
ခင်ပွန်းသည်ရဲ့စိတ်ကိုပိုညစ်ညူးနောက်ကျိစေပါတယ်။
ကြာလာတဲ့အခါမှာကိုယ့်အသံကိုကြားချင်စိတ်ကုန်သွားတတ်ပါတယ်။

ကိုယ့်ရဲ့ အသံလှိုင်းက မကောင်းစေဦးတော့ စကားပြောတဲ့ အခါ
အနှောင့်အသွား မလွတ်တဲ့စကားတွေ မပြောဘဲ အကျိုးအကြောင်းသင့်စွာ နဲ့
အေးဆေးသက်သာစွာပြောမယ်ဆိုရင်
စကားသံဟာနူးညံ့ချိုသာနေမှာဖြစ်တဲ့အတွက်ခင်ပွန်းသည်ရဲ့စိတ်ပင်ပန်းမှုတွေကိုေ

ဒါကြောင့်စကားပြောနူးညံ့ချိုသာခြင်းကခင်ပွန်းသည်ရဲ့တွယ်တာစိတ်ေ

* * *

## (၂) အရာခပ်သိမ်း အလေးထားခြင်း

အလုပ်ခဲမှာလူအမျိုးမျိုးတွေရဲ့ဆက်ဆံပုံအမျိုးမျိုးတွေကြောင့်ကိုယ့်ကိုယ်အားမလိုအားမရ ဖြစ်လေ့ဖြစ်ထရှိတဲ့ ခင်ပွန်းသည်ကို ကျွန်မတို့ မိန်းမသားတွေက အရာခမ်သိမ်းထက်ပိုပြီး အရေးပေး၊ အလေးထားဆက်ဆံပေးရပါတယ်။

ကိုယ်စိတ်ဝင်စားလွန်းတဲ့ကိုရီးယားဇာတ်လမ်းတွဲကြည့်နေချိန်မှာခင်ပွန်းချင်တယ်လို့ ပြောခြင်းဖြစ်စေ၊ အိမ်အကူကို သွားဖျော်ခိုင်းလိုက်တာမျိုးဖြစ်စေ အဲဒီလိုအပြုအမူမျိုးနဲ့ ခင်ပွန်းသည်ကို မဆက်ဆံသင့်ပါဘူး။ ဘယ်လောက်ပဲ စိတ်ဝင်စားစရာ အခန်းရောက်နေပါစေ အဲဒါတွေကို အရေးမထား ဘဲ ခင်ပွန်းသည်ရဲ့ စိတ်ဆန္ဒကို အလေးထားပြီး ဖြည့်စွမ်းပေးရပါမယ်။

ခင်ပွန်းသည် စားချင်တာတွေ အလေးထားချက်ပြုတ်ပေးခြင်း၊ ရုံး (သို့) ကုမ္ပဏီက အလုပ်တွေအိမ်ယူလာပြီး လုပ်နေတဲ့အခါအနားမှာ နေပေးပြီး၊ အဆာပြေစားစရာများ လုပ်ပေးကာ အားပေးခြင်း၊ အင်္ကျီအဝတ် အစားဝတ်တဲ့အခါ လိုက်မလိုက် အရေးတယူ ကြည့်ပေးခြင်း၊ ဖိနပ်တိုက်ပေးခြင်းတွေကအစ ခင်ပွန်းသည် အတွက် ဆိုရင် အသေးအဖွဲကအစ အလေးထားလုပ်ပေးရပါမယ်။

ကိုယ့်အပေါ် အရေးထားတဲ့ ဇနီးသည်ရဲ့ စိတ်ထားကြောင့် ခင်ပွန်းသည်ဟာ သူ့ကိုယ်သူ အရေးပါသူတစ်ဦးအဖြစ်ယုံကြည်လာပြီး ကျွန်မတို့အပေါ်ကိုလည်း ပြန်လည်အလေးထားလာမှာပါ။ ဒါကြောင့် အရာခပ်သိမ်း အလေးထားခြင်းကလည်း ခင်ပွန်းသည်ရဲ့ တွယ်တာစိတ်တွေကို ညှို့ယူဖမ်းစားနိုင်တဲ့အပြုအမူတစ်ခုပါပဲ။

*